# ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယ ခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁။]

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်ဖော်ပြပါ အက်ဥပဒေတို့ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ။

(ခ) ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ။

(ဂ) ၁၉၅၂ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့အက်ဥပဒေ။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာတည်သည့် အချိန်မှ အစပြု၍၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရဆက်လက်ဆောင်ရွက်ရန်ရှိသည့်ကိစ္စအရပ်ရပ်များကို အစိုးရက ညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်။

၄။ ။ဤဥပဒေပါကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ အစိုးရသည် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။